
ရွှန်းရတီမိုး
အချစ်ရုပ်ဝန်းနှင့် မကာင်းသူများ
L လင်း

"ဒီအရွယ် တင်တင့်တို့ အရွယ် ကျွန်မ ကျွန်မတို့ အရွယ်၊ တစ်ဆယ် ကျော်၊ ငါးနှစ်ပတ်လည် ဒီး ဒီး ဒီ ဒယ်"

"လာ . . .လာ၊ လာခဲ့၊ ပါးစပ်က ပေါက်ပန်းဈေးမျိုးစုံ အော်ဟစ်ပြီး ဒါ ဘယ်က ပြန်လာတာလဲ"

"မွေးသမိခင် ကျေးဇူးရှင်ကလည်း တွေ့တာနဲ့ ဆူဖို့ ပဲ"

"ဟုတ်ပ့ါ၊ ပြောလိုက်ပါ တင့်တင့်ရယ်၊ ငါ့အစားပါ ပိုပြောလိုက်၊ နင့် ကို ဆူပြီးတာနဲ့ ငါ့ကို လက်ဖက်ခြောက်ခတ်တော့မှာ သေချာတယ်"

"တော် . . . တိတ် . . . နင်တို့ နှစ်ယောက်လုံး အပေါက်တွေ ပိတ်"

"အလဲ့ . . . တို့ အမေ ဆူတာတောင် ရက်ပါရွတ်ပြီး ဆူတာဟ၊ မဆိုး ဘူး အမေ . . . အမေ ခေတ်မီ လာပြီ"

"ဟဲ့အကောင် . . . နင့်အပေါက် မပိတ်သေးဘူးလား"

"ဖြည်းဖြည်းပေ့ါ အမေရာ၊ ကိုယ့်သားသမီး ကိုယ်ဆူတာ ညင်ညင် သာသာ ကြင်ကြင်နာနာပေ့ါ၊ မဟုတ်ဘူး လား"

"အေးပေ့ါ . . . ငါ့သား အွန်ဘာ ဒီလောက်ပြောနေတာတောင် အဲဒီပါးစပ်က ပေါက်ကရ ပြောတုန်း။ နင်တော့ ဗိုက်ခေါက်ကြော ပြတ်ပြီမှတ်"

အမေက အလိမ်အခေါက် အရမ်းသန်တာ။ ဒေးဗစ် ဘက်ခမ်းတောင် အမေနဲ့ ယှဉ်ရင် နောက်ကောက် ကျသွားနိုင်သည် ။

"ဟိုး . . . ချစ်မေမေ၊ ဟိုး ဒီမှာ ချစ်မေမေ အကြိုက် ဒံပေါက်။ စပါယ် ရှယ် ဒံပေါက် ပါလာတယ်"

"ဟေ . . .ဟုတ်လား။ ဘယ်ကဝယ်လာတာတုံး"

"ဘယ်ကဝယ်ရမှာ လဲ။ အလှူအိမ်က တောင်းလာတာ။ ကျွန်တော့် အမေက ဒံပေါက် ကြိုက်လို့ ပါဆယ်လေးထည့် ပေးလိုက်ပါဦးလို့ အရှက်မရှိ တောင်းလာတာ အမေ။ စား . . . စား။ အမေစားရရင်သား အရှက်ကွဲရကျိုး နပ်ပါတယ်"

"စိန်မောင်း"

"ဗျာ . . .အမေ့"

"ငါ့ကို ရပ်ကွက်လည်ပြီး အရှက်ခွဲတဲ့ ကောင် သေပေတော့"

"အမေ . . .အဲဒီဒံပေါက်ထုပ်ကြီးကို မလွှင့်ပစ်နဲ့ နော် အမေ။ တစ်ပွဲထဲမှာ ရင်ပုံရော ပေါင်ပါ ထည့်ထားတာ။ ကြက်သားတုံးကြီးတွေက အိပြီး ချိုနေတာပဲ"

စိန်မောင်းအမေ ဒေါ်တရုတ်မ တစ်ယောက် ချီတုံချတုံနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း စိန်မောင်းအမေ ရှေ့က အသာလေး လစ်ထွက်ခဲ့သည် ။

သူ့ညီမ မိတင့်ကတော့ အစောကြီး တည်းက လစ်သွားသည် ။ မီးဖိုထဲမှာ မိတင့် တစ်ယောက် ပဲကြီးလှော်တစ်ဆုပ်နှိုက်နေတုန်း စိန်မောင်းက . . .

"မီးတင့် မီးဖိုထဲက မြန်မြန်ထွက်၊ မကြာခင် အမေ မီးဖိုခန်းထဲ ရောက်လာတော့မှာ နော်"

"အေး . . .အေး . ."

သူတို့ မောင်နှမ ခေါင်းရင်းခန်းက ပြန်ပတ်ချောင်းတော့ ထင်တဲ့ အတိုင်း အမေ မီးဖိုခန်းထဲဝင်ကာ ဒံပေါက်ထုပ်ကို စတီးလ်ဇလုံထဲ ဖောက်ထည့်ပြီး အားရပါးရ ဆွဲနေပါသည် ။ ကြက်ပေါင်ကြီးကိုက်လိုက်၊ ရင်ပုံတုံးကြီး ဖွဲ့လိုက်နှင့်။

"ခုချိန်လောက်ဆို အမေ ငါ့ကို ကြည့်သွားလောက်ပြီ။ လာ . . . အမေ့နားသွားမယ်။ တော်ကြာ စားပြီးသွားရင် ဆက်ဆူနေဦးမယ်။ စားလို့ မကုန်ခင် မျက်နှာသွားပြထားမှ "

"အဲဒါကြောင့် ကိုကြီးကို အားကိုးတာ"

"ဟွန်း . . .ဒါပဲ။ ခုကျမှ အစ်ကိုကြီး တန်ဖိုး သိနေ"

"ပြောကာမှ ဘဝင် ဖင်ဆောင့်သွားပြန်ပြီ"

မောင်နှမနှစ်ယောက် မီးဖိုခန်းထဲ ရောက်သွားတော့ ဒေါ်တရုတ်မ တိုးလိုးတန်းလန်း ဖြစ်သွားသည် ။

"အမေ စားလို့ ကောင်းလား"

"မဆိုးပါဘူး"

"ဘာလဲ အမေရ၊ ကောင်းရင် ကောင်းတယ်၊ မကောင်းရင် မကောင်းဘူးပေ့ါ"

"ကောင်းတယ်ဟေ့ . . . ကောင်းတယ်"

"အဲဒီလို လုပ်စမ်းပါ၊ သားက စားစေချင်လို့ တောင်းလာပေးတာ"

"တော်တော့ စိန်မောင်း။ မအေကတော့ ကောင်းစေချင် ထူးချွန်စေချင်လို့ နင့်နာမည်ကို ပညာတင့်လို့ ပေးတယ်။

ဆယ်တန်းကို လေးနှစ်ဆက်တိုက် ကျပြီး ရပ်ကွက်ထဲမှာ လည်ရာပြန်စားရေး ရာထူးနဲ့ ကျင်လည် ရာကနေ အခုနင့်နာမည် ပညာတင့် ပျောက်ပြီး စိန်မောင်းတောင် အမည် တွင် ပြီ။ ဟိုနားစပ်စု ဒီနားစပ်စု။ ဟိုသတင်းဒီပို့၊ ဒီသတင်းဟိုပို့နဲ့ ရပ်ကွက်ထဲ မောင်းလည်ထု။ ကြာရင် စိန်မောင်း နာမည်ပျောက်ပြီး ဒီထက်ဆိုးတဲ့ နာမည်တွင် မယ် ငါ့သားလေး။ ကြည့်ကျက်လုပ်"

"အမေကလည်း သား အမေ့ကို ဘာဒုက္ခပေးလို့ လဲ။ ဒုက္ခမပေးတဲ့ အပြင် စားစရာတောင် အိမ်ပါအောင် သယ်လာ ပေးသေးတယ်လေ။ အမေနော် စား,စားပြီး မဆူရဘူးလေ"

"စိန်မောင်း . . . ဟင်းစားထားတာတောင် နင်တယ်နော်"

အခြေအနေမကောင်း၍ မိတင့်လစ်ပြေးဖို့ ကြံပေမယ့် မလွတ်တော့။

"ဒေါ်အိန္ဒြေတင့်ခေါ် ရုပ်ပျာတင့် နေပါဦး။ မအေကတော့ ငါ့သမီး အငယ်ဆုံးလေး အိန္ဒြေရှိရှိနဲ့ လှပတင့်တယ် ပါစေတော့ဆိုပြီး အိန္ဒြေတင့်လို့ နာမည်ပေးထားကာမှ နင်ကလေ လျှပ်စီးကို လက်နေတာပဲ"

"အမေကလည်း ဒီအရွယ် တင့်တင့်တို့ အရွယ်လေ။ ဒီလောက်တော့ ရှိမှာ ပေါ့"

"တော် . . .တိတ်၊ နင့်အသက် နှစ်ဆယ်ပြည့်တော့မယ်၊ နင် တစ်သက်လုံး ဆယ့်ခြောက်နှစ်က မတက်တော့ဘူးလား"

"အမေကလည်း တင့်တင့် ဘာလုပ်လို့ လဲလို့ ၊ တင့်တင့် ကိုကြီးလို ဆယ်တန်းလည်း မကျဘူး"

"မိတင့် . . . နင့်ကိစ္စ နင်ရှင်း၊ ငါ့ကို ဆွဲမထည့်နဲ့ ၊ ခုနတော့ ကိုကြီး အားကိုးသလေး ဘာလေးနဲ့ "

"သူ ဆယ်တန်းမှ မအောင်တာ ဘာအားကိုးလို့ ရမှာ လဲ"

"အောင်မာ . . . ငါလုပ်လိုက်ရ"

"ဟုတ်တယ်လေ၊ အမေ လုံးဝမဆူအောင်လည်း မလုပ်ပေးနိုင်ဘဲနဲ့ ဆူခံထိတာက ထိတာပဲ။ အားကိုးပါတယ် ပြောမိတာပဲ အဖတ်တင်တယ်"

"ဩော် . . .လှတယ်၊ ငါလည်း ရမလားလို့ ပေါ့။ အမေက စားလည်း စားသေးတယ်။ ဆူတာကလည်း ဆူတာပဲဆိုတော့ ငါလည်း ဘယ်တတ်နိုင်မလဲ"

"ဟဲ့ . . . တော် တိတ်။ ငါဆူနေတာတောင် ဘယ်ရောက်သွားလဲ မသိဘူး။ ဒီမှာ မိတင့်၊ ညည်း နောက်ဆုံးနှစ်တောင် ဖြေပြီးပြီ။ ကလေးလိုလို ခွေးလိုလို လုပ်မနေနဲ့ တော့။ တစ်ရပ်ကွက်လုံး ညည်းကို ရုပ်ပြာတင့်လို့ နာမည်ပေးထားတာ။ ညည်းမရှက်ပေမယ့် ငါရှက်တယ်"

"ဒုက္ခပါပဲ အမေရယ်၊ တင့်တင့်တောင် မရှက်တာ အမေက ဘာလို့ ရှက်ရတာလဲ။ နာမည်ဆိုတာ ပညတ်ချက်တွေပါ အမေရယ်။ ဣန္ဒြေတင့်ပဲ ခေါ်ခေါ် ရုပ်ပြာတင့်ပဲခေါ်ခေါ် တင့်တင့်က ဒီအရွယ် တင့်တင့်တို့ အရွယ် ပါပဲ"

"မိတင့် . . .ကဲဟယ် ၊ ဒီလောက်ပြောနေတာတောင်"

အမေက သူ့ဇလုံထဲက ကြက်ပေါင်တုံးကြီးနဲ့ လှမ်းပေါက်တော့ တင်တင့်တို့ က အသာလေးဖမ်းပြီး ကြက်ပေါင်ကြီးကို အားရပါးရ ဆွဲပစ်တာပေါ့။

ဒေါ်တရုတ်မ ဒေါသတွေ ထွက်ပြီးရင်း ထွက်နေ၏။ စိန်မောင်းက ပြုံးစိစိ။

"အမေ ဆူညံနေတာပဲ၊ ဘာတွေဖြစ်နေတာလဲ"

"အမယ်လေး . . . ငါ့သမီး အလိမ္မာလေး ပြန် လာပြီ။ ဒီမှာ နင့်အစ်ကိုနဲ့ ညီမပေ့ါအေ။ ငါ့ကို သွေးတွေ တက်အောင် လုပ်နေတာ"

"အမေရယ် သူတို့ အကြောင်းလည်း သိရက်သားနဲ့ ပြောမနေပါနဲ့ "

"မပြောရင် ဒီထက်ပိုဆိုးမှာ ပေ့ါအေ"

"အမေ ဘယ်လောက်ပြောပြော သူတို့ က ဗီဇဆိုတော့ ပြင်မှာ မဟုတ်ဘူး ။ အမေပဲ သွေးတက်မှာ ။ အမေသွေးတိုးရင် သမီးပဲ စိတ်ပူရမှာ "

"အမေ သားတို့ ကို ဆူလို့ အမေ့ကို လက်ဖက်ခြောက်ခတ်မယ့်လူ ပြန်လာတာ ဟိဟိ"

"ကိုကြီးကလည်း အမေ့ကို အဲလိုမပြောနဲ့ လေ"

စိန်မောင်းလည်း ဇက်ပုသွားသည် ။ အလတ်မကိုတော့ သူတို့ တွေ ရှိန်ကြသည် ။ မရှိန်လို့ လည်း မဖြစ်။ အလတ်မက ဆရာဝန်မ။ အပြင်ဆေးကုမ္ပဏီမှာ လုပ်နေတာ လစာကောင်းမှ ကောင်း။ ဒေါ်လာစားကြီး။ စိန်မောင်း ပိုက်ဆံပြတ်ရင် အလတ်မဆီပဲ ဂျီကျရတာ။

သဒ္ဒါတင့်ဆိုတဲ့ နာမည်နဲ့ လိုက်အောင် ကပ်စေးနဲတဲ့ အလတ်မဆီက ချွာရတာ မလွယ်ပေမယ့် စိန်မောင်းကတော့ မရအရ ချွာတာပဲ။

အမေကတော့ သားသမီးတွေကို ဘယ်လိုများ ကတ်ကင်းရိုက်ထားလဲမသိ။

စိန်မောင်းနာမည် ပညာတင့်။ ဆယ်တန်းမအောင်။

အလတ်မက သဒ္ဒါတင့်။ ကပ်စေးနဲ့မ။

အငယ်မက အိန္ဒြေတင့်။ လက်လက်ကို ထနေတာပဲ အမေ့ကတ်ကင်းများ ကောင်းချက်။

ဘာထူးသေးလဲ။ အမေ့နာမည်က ဒေါ်တရုတ်မတဲ့ ။ အသားအရေက ကျီးကန်းတို့ ရဲ့ ဘွားတော်နဲ့ နင်လား ငါလား။ Brown & Black ။ ကတ္တ ရားစေးက အမေ့ကို ပြန်အလေးပြု ရမည်။

အမေက အသားသာညိုတာ။ စိတ်ထားက ဖြူသလား မမေးနဲ့ ။ သဒ္ဒါတရားလည်း ကောင်းမှ ကောင်း။ တစ်ခုပဲ။ ရပ်ကွက်ထဲမှာ အတိုးကြီးကြီးနဲ့ ငွေချေးတတ်တာလေး တစ်ခုပဲ ပြောစရာရှိသည် ။ အ မေက တစ်ဆုပ်ကြဲပြီး တစ်လှည်းရှာတတ်တဲ့ ရပ်ကွက်ခရိုနီကြီး။

"ဒေါ်ကုလားမ . . .အဲ . . .အဲ . . . ဒေါ်တရုတ်မ"

စိန်မောင်း အိမ်ရှေ့မှာ ထိုင်နေတုန်း မတင်စိန် တစ်ယောက်ဒန်အိုး အထပ်လိုက်ကြီး ကိုင်ပြီး ရောက်လာသည် ။

"မတင်စိန် စောစော စီးစီး ပစ္စည်းလာပေါင်တာလားဗျ"

"အေးဟယ် . . . ငါ ညနေဝက်သားတုတ်ထိုး ထွက်စရာ အရင်းမရှိ တော့လို့ "

"ခင်ဗျား မနေ့ကပဲ ထွက်သေးတယ်မို့လား။ အရင်းကဘာလို့ မရှိရ တာတုံး"

"မပြောချင်ပါဘူး စိန်မောင်းရယ်၊ မေးမနေပါနဲ့ "

"ခင်ဗျား မပြောရင် အမေ့ဆီမှာ ပစ္စည်းပေးမပေါင်ဘူး"

"အမယ်လေး . . .ဒေါ်တရုတ်မဆီ ပစ္စည်းပေါင်တာ တစ်ခါမှ

နင့်ခွင့်ပြုချက် မယူရဘူး၊ လုပ်မနေနဲ့ "

"အခုက မယူလို့ မရဘူးဗျာ။ အမေမရှိဘူး။ ခင်ဗျားပစ္စည်း ထားရင် ထားခဲ့ မထားခဲ့ရင် ပြန်ယူသွား"

"ပစ္စည်းထားခဲ့လို့ ရမလားဟဲ့။ ပိုက်ဆံမှ မရသေးတာ။ ပြီးတော့ ငါကအခု ပိုက်ဆံလိုနေတာ။ အခုရမှ ပစ္စည်းဝယ်နိုင်မှာ ။ နင့်အမေက ဘယ်သွားတာလဲ"

"စိန်မောင်း သိချင်တာ ပြောပြရင် မတင်စိန် သိချင်တာလည်း ပြောမှာ ပေါ့ . . .ဟဲ ဟဲ"

"စိန်မောင်းရယ် နင်ဟာလေ တော်တော်စပ်စုတာပဲ။ နေတော့။ ငါ ဟိုဘက်ရပ်ကွက်က အပေါင်ဆိုင်ပဲ ပြေးတော့မယ်"

"ရတယ်လေ။ မတင်စိန် လိုရင် စိန်မောင်းက ထုတ်ပေးလိုက်မလို့ ။ ဟိုဘက်ရပ်ကွက်က အပေါင်ဆိုင်က အမေ့ဆီမှာ ထက် ပိုပြီး အတိုးကြီးသလားလို့ "

စိန်မောင်းက ငါးထောင်တန်တွေကို ဖြန့်ပြီး ယပ်ခတ်နေသည် ။ မတင်စိန် မျက်လုံးတွေ အရောင်လက်သွားသည် ။

"ဟဲ ဟဲ . . . စိန်မောင်း မောင်လေး၊ နင်ကလေ စောစောက ပြောဘူး ။ ဒီလိုဟ၊ ငါ နှစ်လုံးထိ အပတ်ကောင်းတာ။ အရင်းပြုတ်သွားလို့ "

"ခင်ဗျားယောက်ျား မသိဘူးမို့လား"

"ဘုရားပေးပေး ကျမ်းပေးပေးပါဟယ်"

"သိတယ်ပေါ့"

"မသိဘူး"

စိန်မောင်းက ပြုံးလိုက်သည် ။

"ဟဲ့ . . . စိန်မောင်း၊ ငါ့ယောက်ျား အတီးမသိဘူးလို့ ပြောထားတယ်နော်။ နင်သွားမပြော နဲ့ "

"စိတ်ချပါဗျာ။ စိန်မောင်းပါ"

"အေး . . .နင့်မို့လို့ ကြောက်တာဟေ့"

"ဟင်း ဟင်း . . . စကားကို ဆင်ခြင်ပြောနော်။ ပိုက်ဆံက စိန်မောင်း လက်ထဲမှာ ပဲ ရှိနေသေးတယ်"

"နင့်အမေဆီမှာ ပေါင်ရတာမှ စိတ်ချမ်းသာသေးတယ်၊ ကဲ . . .ပေးမှာ ဖြင့်ပေး"

"ခင်ဗျား ဘယ်လောက်ယူမှာ လဲ"

"သုံးသောင်းလောက် လိုချင်တယ်"

"ရမလားဗျ"

"ရပါတယ်ဟဲ့"

"မစိန်တင် . . . ခင်ဗျား ကျုပ်ကို လာမပတ်နဲ့ ၊ ခင်ဗျား အမေ့ဆီမှာ ပေါင်နေကျ၊ အမေ ခင်ဗျားကို တစ်သောင်းခွဲပဲ ပေးတာ ကျုပ်သိပြီးသား "

မစိန်တင်က လူမိသွားသော အပြုံးဖြင့် . . .

"အေးပါဟယ်၊ တစ်သောင်းခွဲပဲပေး"

"မရဘူး၊ ခင်ဗျားယောက်ျားကို ပြန်မပြောဖို့ နှုတ်ပိတ်ခ နှစ်ထောင်နုတ်တယ်။ တစ်သောင်းသုံးထောင်ပဲ ရမယ်။ ဒါပေမယ့် ခင်ဗျားစာရင်းက တော့ တစ်သောင်းခွဲ မှတ်မှာ နော်"

"စိန်မောင်းရယ် . . . နင်ကလည်း သောင်းသုံးထောင်နဲ့ ငါဘာရောင်းလို့ ရမှာ လဲဟဲ့"

"ဒါဆို တစ်သောင်းခွဲ အပြည့်ယူသွားလေ၊ ခင်ဗျားယောက်ျားကို အခုသွားပြောလိုက်မှာ "

"အဲလိုတော့ မလုပ်ပါနဲ့ ဟယ်။ သောင်းသုံးထောင်ဆိုတော့ လည်း သောင်းသုံးထောင်ပေ့ါ"

"ဒါပေမယ့် ခင်ဗျားစာရင်းက တစ်သောင်းခွဲနော်"

"အေးပါဟယ်"

မတင်စိန် ခမျာ ဘာမှ မတတ်နိုင်ပါဘဲ သောင်းသုံးထောင်ကို မကျေမနပ်နဲ့ ယူသွားတာပါ။

စိန်မောင်းကတော့ စောစောစီးစီး နှုတ်ပိတ်ခနှစ်ထောင်ရ၍ လေတစ်ချက်ချွန်လိုက်သည် ။ ဒီနေ့တော့ ရပေါက်ရလမ်း ဈေးဦးပေါက်သွားပြီ ။

မတင်စိန်ရဲ့ ဒယ်အိုးတစ်ထပ်ကို အမြတ်ထပ်ထုတ်ဖို့ လည်း စဉ်းစားထားပြီးသား။

အမေပြန်လာတော့ အိမ်မှာ ဒန်အိုးထပ်ကြီးက စောင့်ကြိုနေသည် ။

"ဟဲ့ . . .ဒီဒန်အိုးတွေက ဘာလုပ်တာလဲ"

"မတင်စိန် လာပေါင်တာအမေ"

"ဒီကောင်မ နှစ်လုံးရှုံးပြန်ပြီ ထင်တယ်။ သူ့ယောက်ျား သိရင်ပြဿနာတက်ဦးမယ်။ ငါ သူ့ဆီက အပေါင်မခံချင်ဘူး စိန်မောင်းရဲ့ "

"အမေရယ် သိတဲ့ အတိုင်းပဲ။ ညနေဈေးရောင်းဖို့ အရင်းမရှိလို့ ငိုခမ

န်း ဖြစ်နေတာ။ သားလည်း မနေနိုင်လို့ ထုတ်ပေးလိုက်တာ"

"အေး . . . ဘယ်လောက်ပေးလိုက်တုံး"

"နှစ်သောင်း"

"ဘာ . . . ငါသူ့ကိုတစ်သောင်းခွဲပဲ ပေးတာ။ နှစ်သောင်း ဆိုရင်တော့ နင့်ဘာသာနင် အပေါင်ခံရင်ခံ။ ဒါမှ မဟုတ် သွားပြန်ပေးလိုက်တော့"

အခြေအနေမကောင်း၍ စိန်မောင်း နည်းနည်းလျှော့လိုက်သည် ။

"အမေကလည်း စကားကို ဆုံးအောင်နာမထောင်ဘူး။ သူက နှစ်သောင်းတောင် တောင်းတာ၊ သားကမပေးပဲ နှစ်ထောင်လျှော့ပြီး သောင်းရှစ်ထောင်ပဲ ပေးလိုက်တာ"

"သောင်းရှစ်ထောင်လည်း များ တယ်။ ငါကတစ်သောင်းခွဲပဲပေးတာ "

"အမေရာ ဝက်သားဈေးတွေတက်လို့ တစ်သောင်းခွဲနဲ့ မလောက်လို့ ဆိုပြီး မတင်စိန်က အတင်းတောင်းတာနဲ့ သားလည်း ပေးလိုက်တာ"

"ဟုတ်ရော ဟုတ်ရဲ့ လား စိန်မောင်းရယ်၊ နင့်ကိုလည်း ငါ သိပ်ယုံတာ မဟုတ်ဘူး "

"တကယ်ပါ၊ အမေမယုံရင် မတင်စိန် သွားမေး၊ သားက အမေ့အလုပ်ကို ကူလည်း ကူညီရ သေးတယ်။ ပြီးတော့ ဒန်အိုးတွေက အနည်းဆုံး နှစ်သောင်းခွဲ သုံးသောင်းတော့ တန်တာပဲကို"

ဒေါ်တရုတ်မ ဘာမှ မပြောတော့ဘဲ သောင်းရှစ်ထောင် ထုတ်ပေးသည် ။

*

"ကိုကြီး"

"ဘာလဲ"

"တင့်တင့် သိလိုက်တယ်နော်"

"ဘာလဲ . . . ကိုယ့်အကန့်နဲ့ ကိုယ်ပဲနော်။ လိုင်းလာမပူးနဲ့ "

"အဲဒါဆို အမေ့ကို ပြောလိုက်ရုံပဲ။ ကိုကြီးက မတင်စိန်ကို သောင်းသုံးထောင်ပဲ ပေးလိုက်တာလို့ "

"ပြော လိုက်လေ။ ဒီမှာ စိန်မောင်းလက်ထဲ ပိုက်ဆံရောက်ပြီးသွားပြီ ။ နင်ပြောလည်း စိန်မောင်းလက်ထဲက ပိုက်ဆံကို အမေ ပြန်မရတော့ဘူး။ အေးဆေးပဲ"

"ဟွန့်"

"မိတင့် . . .မိတင့် . . . စိန်မောင်းက သူများ ဆီပဲ ပတ်တာဟဲ့ မှတ်ထား။ ကိုယ်ကတော့ ဘယ်တော့မှ အပတ်မခံဘူး"

"ကိုကြီးကလည်း ဘော်ဒါကြေးလေးတော့ ပေးသင့်ပါတယ်"

"ဘော်ဒါကြေးဆိုတာ နာမည်သာလှတာ။ တကယ်တမ်းက မိုက်ကြေးလာခွဲနေတာ။ ငါ လူမိုက် မဟုတ်ဘူး ။ ပေးဘူး"

"ဘော်ဒါကြေး မပေးချင်ရင် မုန့်ဖိုးလေးပေးပါလား။ ကိုယ့်ညီမ အင

ယ်ဆုံးလေးကို"

"မိတင့် . . .မိတင့်. . . နင်က ငါ့ကို ခေါင်းတုံးပေါ်ထိပ်ကွက်ပြီး ဖျံကို တံတွေးဆွတ် ချင်နေတာကိုး။ နင်ဘယ်လို တောင်းတောင်း ငါမပေးဘူး ။ မှတ်ထားဟဲ့။ ငါ့ဆီက ပိုက်ဆံက အလဟဿပြန်ထွက်ရိုး ထုံးစံမရှိဘူး ။ ကဲ . . .ငါ အပြင်သွားလိုက်ဦးမယ်။ ဒီနေ့ ငွေရပေါက် ကတော့တွက်ခြေကိုက်သွားပြီ။ ဘာသတင်းလေးများ ကြားရမလဲလို့ ထွက်စပ်စုလိုက်ဦးမယ်။ အင်း . . .သတင်းထူးထူး ဆန်းဆန်းလေး ကြားရပါစေ။ အဲဒါမှ ဒီတစ်နေ့တာ အတွက် စားကောင်း အိပ်ပျော်မှာ "

တင့်တင့်က ထီးတစ်ချောင်း ချိုင်းကြားညှပ်ကာ ထွက်သွားသော အစ်ကိုဖြစ်သူကို ကြည့်ပြီး မဲ့ရွဲ့ကျန်ခဲ့သည် ။ ခဏပါပဲ။ တင့်တင့်ဆိုတာက ဘာကိုမှ ကြာကြာ မခံစားတတ်။ ခဏနေတော့ . . .

"ဒီအရွယ် တင့်တင့်တို့ အရွယ် ကျွန်မ ကျွန်မ တို့ အရွယ်၊ တစ်ဆယ်ကျော် ငါးနှစ်ပတ်လည်. . ."

တင့်တင့်ရဲ့ Logo သီချင်းညည်းသံ ထွက်လာသည် ။

ကိုကြီးဆီက တောင်းမရတော့ အမေ့ဘက်လှည့်၏။

"အမေ"

"ဘာလဲ"

"အမေ ရခိုင်မုန့်တီသောက်မလား"

"ဘယ်သူလာပို့ထားလို့ လဲ"

"ဘယ်သူပို့ရမှာ လဲ အမေကလည်း ။ သွားဝယ်ပေးမလို့ "

"ညည်း ငါ့ဆီက ပိုက်ဆံလာတောင်းနေတာတော့ မဟုတ်ပါဘူးနော်

"

"ဟဲ ဟဲ . . . အမေကလည်း "

"ငါ့သမီး အိန္ဒြေတင့်။ အမေကလည်း အသုံးနဲ့ အဖြုန်းကို ခွဲခြားမသိရင် . . ."

"ဟိုး . . . ဟိုး အမေ ဟိုး။ တော်ပြီ။ တင့်တင့် မုန့်တီ မသောက်တော့ဘူး။ အမေလည်း ရေနွေးအိုး မတည်နဲ့ တော့။ တင့်တင့်သူငယ်ချင်း လုံးလုံးတို့ အိမ်ပဲ လစ်တော့မယ်။ သွားပြီနော် အမေ"

"မိတင့် . . .ဟဲ့ . . . နေဦး၊ ငါပြောလို့ မပြီးသေးဘူး။ အခုပြန်လာစမ်း "

"မလာတော့ဘူး အမေရေ။ ဗိုက်ဆာတာ ခံနိုင်တယ်။ နားပူတာ မခံနိုင်ဘူး"

"တယ် . . . ဒီကောင်မလေး"

ပြောသာ ပြောရတာ ဒေါ်တရုတ်မက သမီးထွေးလေးကို ချစ်ပါ၏။ ဘွဲ့ရပြီးတဲ့ အထိ ကလေးဆန်ဆန် နေချင်တဲ့ သမီးကို စိတ်ပျက်မိပေမယ့် ချစ်ရပါသည် ။

အလတ်မကြတော့လည်း လိမ္မာလို့ အချစ်ပိုရသလို သားကြီးကျတော့လည်း ဆိုးလို့ ပိုပြီး ပူပန်စိတ် ဖြစ်မိပေမယ့် သားကြီးသြရသမို့ ချစ်ရတာပါပဲလေ။

*